# ဖိလစ်ပိုင်နိုင်ငံဆိုင်ရာအချက်အလက်များ

၁။ ဖိလစ်ပိုင်နိုင်ငံ၏တရားဝင်အမည်မှာ ဖိလစ်ပိုင်သမ္မတနိုင်ငံဖြစ်ပြီး အရှေ့တောင်အာရှဒေသတွင်းရှိ ကျွန်းစုနိုင်ငံတစ်နိုင်ငံဖြစ်သည်။ အနောက်ပစိဖိတ်သမုဒ္ဒရာအတွင်းတည်ရှိပြီး ကျွန်းပေါင်း ၇,၆၄၁ ကျွန်းဖြင့်ဖွဲ့စည်းထားသောနိုင်ငံတစ်နိုင်ငံဖြစ်သည်။ ပထဝီဝင်အနေအထားအရနိုင်ငံအား လူဇုန်၊ ဗီဆာရက်နှင့် မင်ဒါနာအို ဟူ၍ ဒေသကြီး (၃)ခုပိုင်းခြားထားသည်။ နိုင်ငံ၏မြို့တော်မှာ မနီလာမြို့တော်ဖြစ်ပြီး အထင်ရှားဆုံးမြို့မှာ ကွီဇုံစီးတီးဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံနှင့်ရေပိုင်နက်ထိစပ်နေသောနိုင်ငံများမှာ မြောက်ဘက်တွင်တိုင်ဝမ်၊ အရှေ့ဘက်တွင် ပါလူအာနှင့် တောင်ဘက်တွင် မလေးရှားနှင့်အင်ဒိုနီးရှား တို့ဖြစ်သည်။



## သမိုင်းကြောင်း

၂။ ၁၅၂၁ ခုနှစ်တွင် စပိန်နိုင်ငံသား Ferdinand Magellan သည် Homonhon ကျွန်းသို့စတင်ရောက်ရှိလာခဲ့ပြီး စပိန်ကိုလိုနီခေတ်စတင်ခဲ့သည်။ ၁၅၄၃ ခုနှစ်တွင် စပိန်စွန့်စားရှာဖွေသူ Ruy López de Villalobos သည် ဖိလစ်ပိုင်ကျွန်းစုအား Las Islas Filipinas ဟုအမည်ပေးခဲ့ပြီး စပိန်ဘုရင် ဒုတိယမြောက်ဖိလစ်၏လက်အောက်ခံကိုလိုနီနယ်အဖြစ်ရောက်ရှိလာခဲ့သည်။ ၁၅၆၅ ခုနှစ်တွင် ဖိလစ်ပိုင်ကျွန်းစုတွင် ပထမဆုံးမြို့အား Miguel López de Legazpi မှစတင်တည်ထောင်ခဲ့ပြီး ဖိလစ်ပိုင်သည် စပိန်ကိုလိုနီအဖြစ် နှစ်ပေါင်း(၃၀၀) ခန့်ကျရောက်ခဲ့သည်။

၃။ ၁၉ ရာစုနှစ်တွင် လွတ်လပ်ရေးအတွက်လှုပ်ရှားမှု စတင်လာကာ ၁၈၁၉ ခုနှစ်တွင် ဒေါက်တာဟိုဆေးရီဇော်တည်ထောင်ခဲ့သော လီဂါဖိလစ်ပီနာအသင်းမှာအင်အားအကောင်းဆုံးဖြစ်သည်။ ရီဇော်အားစပိန်အစိုးရက ၁၈၆၉ ခုနှစ်တွင် ကွပ်မြက်ခဲ့သည်။ တိုင်းရင်းသားတို့၏ပုန်ကန်မှုများသည် ပြင်းပြင်းထန်ထန် အနှိမ်နင်းခံရသည်။ စပိန်-အမေရိကန်စစ်ပွဲအပြီး ၁၈၉၈ ခုနှစ်တွင် စပိန်အစိုးရက ဖိလစ်ပိုင်ကျွန်းစုအား အမေရိကန်အစိုးရသို့ ပေးအပ်ခဲ့သည်။

၄။ အမေရိကန်အစိုးရသည် ဖိလစ်ပိုင်ကိုလွတ်လပ်ရေးပေးရန် ရည်ရွယ်ချက်ဖြင့်၊ အုပ်ချုပ်ရေးအဆင့်အတန်းကို တိုးမြှင့်ပေးခဲ့သည်။ ၁၉၃၅ ခုနှစ်တွင် ဖိလစ်ပိုင်သည် ကိုယ်ပိုင်အုပ်ချုပ်ရေးရရှိခဲ့ပြီး ဓနသဟာယနိုင်ငံဖြစ်လာသည်။ ပထမဦးဆုံးသမ္မတမှာ မန်းနွယ်ကေဆွန်းဖြစ်၏။ ထို့ပြင် ၁၉၄၆ ခုနှစ်တွင် လွတ်လပ်သောအချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်လာစေမည်ဟု အမေရိကန်အစိုးရက ကတိထားခဲ့သည်။ သို့သော် ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာ၍ ဖိလစ်ပိုင်သည် ကမ္ဘာ့အရှေ့ဖျားတွင် စစ်ဒဏ်အခံရဆုံးသောနိုင်ငံ၊ အပျက်အစီးအများဆုံးသောနိုင်ငံ ဖြစ်ခဲ့ရသည်။

၅။ ဂျပန်တို့သည် ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့တွင် လေကြောင်းတိုက်ပွဲများစတင်ဆင်နွှဲခဲ့ပြီး နောက် ၅ ရက်အကြာတွင် လူဇွန်ကျွန်းအားသိမ်းပိုက်ခဲ့သည်။ ၁၉၄၂ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့တွင် မနီလာမြို့ကို သိမ်းပိုက်ခဲ့သည် ။ အမေရိကန်နှင့်ဖိလစ်ပိုင်တပ်များက ဗာတန်းကျွန်းဆွယ်နှင့်ကော်ရက်ဂျီဒေါ်တွင် လပေါင်းများစွာအပြင်းအထန်ခုခံတိုက်ခိုက်ခဲ့သည်။ သို့သော် ၁၉၄၂ ခုနှစ် မေလ ၆ ရက်နေ့တွင်

ကော်ရက်ဂျီဒေါ်အညှဉ့်ခံလိုက်ရပြီး မိုလ်ချုပ်ကြီး ဒေါက်ဂလပ်မက်အာသာလည်း မိမိဌာနချုပ်ကို သြစတြေလျသို့ ပြောင်းရွှေ့သွားခဲ့ရသည်။ ဂျပန်တို့ စိုးမိုးခဲ့စဉ်အတွင်း ပြောက်ကျားခုခံတော်လှန်မှုများရှိခဲ့သည်။ ၁၉၄၄ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့၌ မက်အာသာ၏လက်အောက်ခံမဟာမိတ်တပ်များသည် လေးတီကျွန်းအား ပြန်လည်သိမ်းယူရေးကိုစတင်ခဲ့ရာ ဖိလစ်ပိုင်အလယ်ပိုင်းနှင့်မြောက်ပိုင်းတို့တွင် တိုက်ပွဲများ၌ ဂျပန်တို့အရေးနိမ့်ခဲ့သည်။ ၁၉၄၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် မနီလာမြို့ကို ပြန်လည်သိမ်းပိုက်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးပြီးနောက် ၁၉၄၆ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့တွင် အမေရိကန်အစိုးရက ကတိပြုထားသည့်အတိုင်း လုံးဝလွတ်လပ်ရေးကိုပေးအပ်၍ ဖိလစ်ပိုင်သည် လွတ်လပ်သောအချုပ်အခြာအာဏာပိုင် သမ္မတနိုင်ငံဖြစ်လာခဲ့သည်။



**ဖိလစ်ပိုင်အမျိုးသားခေါင်းဆောင်ကြီးဒေါက်တာဟိုဆေးရီဇော်**

## အုပ်ချုပ်ရေး

၆။ ဖိလစ်ပိုင်နိုင်ငံသည် သမ္မတစနစ်ကျင့်သုံးသည့် ဒီမိုကရက်တစ်နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မူဆလင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သည့် မင်ဒါနာအိုမှအပ ကျန်ဒေသများအား တစ်ပေါင်းတစည်းတည်း ဗဟိုအစိုးရမှတိုက်ရိုက်အုပ်ချုပ်သည်။ သမ္မတသည်နိုင်ငံ့အကြီးအကဲဖြစ်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်လည်းဖြစ်သည်။ သမ္မတအား ၆နှစ်သက်တမ်းဖြင့် လူကြိုက်များမှုအပေါ်အခြေခံကာ ရွေးကောက်တင်မြှောက်ပါသည်။ သမ္မတသည် သက်တမ်း(၁)ကြိမ်သာ တာဝန်ထမ်းဆောင်ခွင့်ရှိပြီး ဒုတိယသမ္မတနှင့်ဝန်ကြီးအဖွဲ့အား သမ္မတမှရွေးချယ်ခန့်အပ်ပါသည်။ ဥပဒေပြုရေးအပိုင်းတွင် ဆီးနိတ်ခေါ်အထက်လွှတ်တော်နှင့် ပြည်သူ့လွှတ်တော်ခေါ်အောက်လွှတ်တော်ဟူ၍ လွှတ်တော်(၂)ရပ်ပါဝင်ပါသည်။ အထက်လွှတ်တော် အမတ်များ၏သက်တမ်းမှာ (၆) နှစ်ဖြစ်ပြီး၊ အောက်လွှတ်တော်မှာ (၃) နှစ်သက်တမ်းဖြစ်သည်။ အထက်လွှတ်တော်တွင် ကိုယ်စားလှယ်(၂၄)ဦးရှိပြီး တစ်နိုင်ငံလုံးမဲဆန္ဒဖြင့် တိုက်ရိုက်ရွေးကောက်တင်မြှောက်သည်။ အောက်လွှတ်တော်တွင် ကိုယ်စားလှယ် ၂၉၂ ဦးရှိပါသည်။

၇။ ဥပဒေကြမ်းတိုင်းအား သမ္မတထံသို့တင်ပြရန် လွှတ်တော်(၂)ရပ်လုံး၏သဘောတူညီမှုလိုအပ်ပြီး သမ္မတက အဆိုပါဥပဒေကြမ်းအား ဗီတိုအာဏာသုံးကာပယ်ချပါက ကွန်ဂရက်၏ မဲ (၃)ပုံ (၂)ပုံဖြင့် အဆိုပါဗီတိုအာဏာအား ပယ်ဖျက်နိုင်သည်။ အခြေခံဥပဒေပြင်ဆင်ရေးမှလွဲ၍ ကွန်ဂရက်၏ဆုံးဖြတ်ချက်များအား မဲအများစုဖြင့်ဆုံးဖြတ်ပေးသည်။ အထက်လွှတ်တော်သည် စာချုပ်စာတမ်းများချုပ်ဆိုမှုအပေါ်တွင် မဲခွဲဆုံးဖြတ်နိုင်သည့်အခွင့်အာဏာရှိပြီး၊အောက်လွှတ်တော်သည် ငွေကြေးဆိုင်ရာမူဝါ၊ ဥပဒေများအားပြဋ္ဌာန်းနိုင်သည်။

၈။ ကွန်ဂရက်သည် သမ္မတ၊ ဒုတိယသမ္မတ၊ တရားလွှတ်တော်ချုပ်အဖွဲ့ဝင်များ၊ အခြေခံဥပဒေဆိုင်ရာကော်မရှင်အဖွဲ့ဝင်များအပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေချိုးဖောက်မှု၊ နိုင်ငံတော်ပုန်ကန်မှု၊ လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှု၊ အကျင့်ပျက်ချစားမှု၊ ရာဇဝတ်မှုများအတွက် စွဲချက်တင်နိုင်ခွင့်အာဏာရှိသည်။ ပြည်သူလူထုသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများမှတစ်ဆင့် ဥပဒေပြဋ္ဌာန်းနိုင်ရန်အဆိုပြုခြင်း၊ ကွန်ဂရက်နှင့်

ဒေသဆိုင်ရာဥပဒေပြုအဖွဲ့အစည်းများမှ ပြဌာန်းသည့်ဥပဒေများအား ကန့်ကွက်ခြင်းတို့ကိုဆောင်ရွက်နိုင်သည်။

**နိုင်ငံရေး**

၉။ ဖိလစ်ပိုင်နိုင်ငံသည် ကိုလိုနီလက်အောက်ခံအဖြစ် (၃)ကြိမ်တိုင်တိုင်ကျရောက်ခဲ့သည်။ ၁၅၇၀ ခုနှစ် မှ ၁၈၉၈ ခုနှစ်အထိ စပိန်လက်အောက်ခံအဖြစ်လည်းကောင်း၊ ၁၈၉၈ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ အမေရိကန်လက်အောက်ခံအဖြစ်လည်းကောင်း၊ ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ ဂျပန်လက်အောက်ခံအဖြစ်လည်းကောင်း ကျရောက်ခဲ့ပါသည်။ ဖိလစ်ပိုင်နိုင်ငံတွင် တရားဝင်သတ်မှတ်ထားသော နိုင်ငံတော်မူဝါဒ (State Policy) မရှိသော်လည်း နိုင်ငံ့ခေါင်းဆောင်များသည် အားကောင်းသောလစ်ဘရယ် ဒီမိုကရက်တစ်စံနှုန်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထောက်ခံအားပေးကြသည်။

၁၀။ အစိုးရအဖွဲ့သည် ပါတီများစွာဖြင့်ဖွဲ့စည်းထားသော ညွန့်ပေါင်းအစိုးရပုံစံမျိုးဖြစ်သည်။ သမ္မတ၊ ဒုတိယသမ္မတနှင့်အထက်လွှတ်တော်အမတ်များကို (၆) နှစ်သက်တမ်းအတွက်ရွေးကောက်ပြီး၊ အောက်လွှတ်တော်အမတ်များ၊ပြည်နယ်အုပ်ချုပ်ရေးမှူးများ၊ ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့တော်ဝန်များ၊ ဒုတိယမြို့တော်ဝန်များ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးအရာရှိများကို (၃) နှစ်သက်တမ်းအတွက် ရွေးချယ်သည်။ ၁၉၄၅ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ နိုင်ငံရေးအာဏာကို ပါတီ(၂)ခုကသာလွှမ်းမိုးခဲ့သည်။ နိုင်ငံရေးအာဏာလွှမ်းမိုးချုပ်ကိုင်မှုတွင် ၁၉၀၇ ခုနှစ်၌ တည်ထောင်ခဲ့သော Nacionalista ပါတီနှင့် ၁၉၄၆ ခုနှစ်တွင် ယင်းပါတီမှ ခွဲထွက်လာသော Liberal ပါတီတို့၏လက်ဝယ်တွင်သာ တည်ရှိနေခဲ့သည်။

၁၁။ ၁၉၇၂ခုနှစ် ၊စက်တင်ဘာလ (၂၁)ရက်နေ့တွင် သမ္မတဖာဒီနန်မားကို့စ် (Ferdi nand Marcos)သည် အရေးပေါ်အာဏာအသုံးပြုလျက် နိုင်ငံတော်အကြီးအကဲတာဝန်ယူ၍ အရေးပေါ်ကြေညာချက် (Martial Law) ကိုထုတ်ပြန်ကြေညာခဲ့သည်။ ထို့နောက် မားကို့စ်သည် ပါတီများစွာကို လူ့ဘောင်သစ်လှုပ်ရှားမှုပါတီဟုခေါ်သော ( Kilusang Bagong Lipunan) ပါတီအဖြစ် ပေါင်းစည်းပေးခဲ့သည်။ ၎င်းပါတီသည် ၁၉၈၆ ခုနှစ်ထိတိုင်အောင် ရွေးကောက်ပွဲများကို အနိုင်ယူလွှမ်းမိုးခဲ့သည်။ မားကို့စ်၏

(၂၁)နှစ်တာ အုပ်ချုပ်မှုကာလအတွင်း ရွေးကောက်တင်မြှောက်ထားသော ဥပဒေပြု အဖွဲ့ကိုဖျက်သိမ်းပြီး ၎င်းကိုသစ္စာခံသော ပါလီမန်နှင့်အစားထိုး လိုက်သောကြောင့် မားကို့စ်အား အာဏာရှင်တစ်ယောက်အဖြစ်စွပ်စွဲခဲ့သည်။ မားကို့စ်၏လက်ထက် အစိုးရအဖွဲ့အတွင်း အဂတိလိုက်စားမှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများသည် မြင့်တက်လာခဲ့သည်။ မားကို့စ်၏အာဏာရှင်ခေတ်သည် ပြည်သူ့အာဏာတော်လှန် ရေး (People Power Revolution) ဖြင့် သွေးထွက်သံယိုမှုမရှိဘဲ ၁၉၈၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အဆုံးသတ်ခဲ့သည်။

၁၂။ အာဏာရှင်စနစ်မှ လစ်ဘရယ်ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းသော ကာ လတွင် အာကွီနို၏ သမ္မတသက်တမ်းသည် ခက်ခဲကြမ်းတမ်းပြီး စိန်ခေါ်မှုများနှင့်ရင် ဆိုင်ရသည်။ သမ္မတမကွီနိုသည် (၆)နှစ်ကြာတာဝန်ထမ်းဆောင်ပြီးနောက် ဝက်(စ်)ပွိုင့် (West Point) တက္ကသိုလ်ကျောင်းဆင်း ဖီဒယ်ရာမို့စ် (Fidel V.Ramos)အားဆက် ခံသူသမ္မတအဖြစ်ထောက်ခံခဲ့ရသည်။ ၁၉၉၂ခုနှစ်ရွေးကောက်ပွဲတွင် ရာမို့စ်သည် ၂၄% ဖြင့်သာအနိုင်ရရှိခဲ့သည်။ ရာမို့စ်လက်ထက်တွင် နိုင်ငံရေး၊ စီးပွားရေးရာကဏ္ဍများ တွင် လွတ်လပ်ပွင့်လင်းစေရန် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ခဲ့သည်။ ၁၉၉၈ခုနှစ် တွင် ရာမို့စ်၏ဒုတိယသမ္မတလည်းဖြစ်၊ ရုပ်ရှင်မင်းသားဟောင်းလည်းဖြစ်သော ဂျိုးဇက်အက်ထရာဒါ (Joseph-E.Estrada) သည် ဖိလစ်ပိုင်ရွေးကောက်ပွဲများတစ် လျှောက်တွင် မဲအများဆုံးဖြင့်သမ္မတရာထူးကိုရရှိခဲ့သည်။ သို့သော် သမ္မတရာထူး စတင်ထမ်းဆောင်သည့်ကာလမှာပင် ဆင်းရဲသားပြည်သူများကိုပေးခဲ့သည့် ရွေး ကောက်ပွဲကတိကဝတ်များကို ဆောင်ရွက်ခြင်းမရှိဟုစွပ်စွဲခံခဲ့ရသည်။

၁၃။ ထို့အပြင် ခရိုနီဝါဒကို အားပေးအားမြှောက်ပြုခြင်း၊ နိုင်ငံရေးဠိပက္ခဟောင်း များကိုပြန်လည်နှိုးဆွအသက်သွင်းခြင်းစသည့် စွပ်စွဲချက်များနှင့်လည်း ကြုံတွေ့ခဲ့ရ သည်။ ထို့ကြောင့် ဂျိုးဖက်အက်စရာဒါကို ဒုတိယအကြိမ် ပြည်သူ့အာဏာတော်လှန် ရေးဖြင့် သမ္မတရာထူးမှ ဖြုတ်ချခဲ့သည်။ ၎င်း၏နောက်တွင် ဒုတိယသမ္မတ အာရိုယို (Arroyo) သည် ၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၁၀ ခုနှစ်အထိ သမ္မတရာထူးကိုဆက် ခံခဲ့သည်။ လက်ရှိသမ္မတဒူတာတေးသည် ၂၀၁၆ ခုနှစ် ရွေးကောက်ပွဲတွင် အနိုင်ရ ရှိခဲ့ပြီး သမ္မတရာထူးကိုစတင်လက်ခံသည့်အချိန်မှစကာ နိုင်ငံတွင်းမူးယစ်ဆေးဝါး ဂိုဏ်းများအား ပြင်းထန်စွာနှိပ်ကွပ်ခဲ့ပြီး ဆက်နွယ်နေသောအစိုးရအရာရှိအမှုထမ်း

များကို ပြင်းထန်စွာအရေးယူခဲ့သည်။ ဖိလစ်ပိုင်သည် မွတ်စလင်အုပ်စုများနှင့်ကွန်မြူနစ်ပြည်သူ့တပ်မတော်သစ်ကဲ့သို့သော အကြမ်းဖက်အုပ်စုများ၏ခြိမ်းခြောက်မှုများကိုဆက်လက်ရင်ဆိုင်နေရသည်။ ထို့အပြင် နိုင်ငံ၏တောင်ပိုင်းကျွန်းများတွင် နိုင်ငံခြားခရီးသွားများကိုပြန်ပေးဆွဲခြင်းဖြင့် နိုင်ငံတကာတွင် နာမည်ဆိုးဖြင့်ကျော်ကြားနေသောအဘူဆာယက်(Abu Sayaff) အုပ်စုသည် လက်ရှိအစိုးရအတွက် အဓိကပြဿနာတစ်ရပ်အဖြစ် ဆက်လက်ရှိနေသေးသည်။

**စီးပွားရေး**

၁၄။ ဖိလစ်ပိုင်နိုင်ငံသည် ကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံများအနက် အဆင့်(၃၉) ရှိသောနိုင်ငံတစ်နိုင်ငံဖြစ်သည်။ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ (၂၇၂) ဘီလီယံရှိသည်။ နိုင်ငံအဓိကပို့ကုန်များတွင်အီလက်ထရောနစ် အစိတ်အပိုင်းများ၊ အဝတ်အထည်၊ ကြေးနီ၊ ရေနံထွက်ပစ္စည်းများ၊ စားအုန်းဆီနှင့် သစ်သီးများပါဝင်သည်။ အမေရိကန်၊ ဂျပန်၊ တရုတ်၊ စင်္ကာပူ၊ တောင်ကိုရီးယား၊ နယ်သာလန်၊ ဟောင်ကောင်၊ ဂျာမနီ၊ ထိုင်ဝမ်နှင့် ထိုင်းနိုင်ငံတို့သည် ဖိလစ်ပိုင်နိုင်ငံ၏အဓိကကုန်သွယ်ဖက်နိုင်ငံများဖြစ်ကြသည်။ ထို့အတူ ဖိလစ်ပိုင်နိုင်ငံသည် စီးပွားရေးအင်အားအလယ်အလတ်တန်းစားရှိသောနိုင်ငံအဖြစ်လည်း သတ်မှတ်နိုင်ပါသည်။

၁၅။ စက်မှုလုပ်ငန်းဖွံ့ဖြိုးခါစနိုင်ငံဖြစ်သော ဖိလစ်ပိုင်နိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံတစ်နိုင်ငံအဖြစ်မှ ဝန်ဆောင်မှုစီးပွားရေးနှင့် ကုန်ထုတ်လုပ်မှုစီးပွားရေးအပေါ်တွင်ပို၍အားပြုသော နိုင်ငံတစ်နိုင်ငံအဖြစ်သို့ အသွင်ကူးပြောင်းလာပြီဖြစ်သည်။ နိုင်ငံ၏လုပ်သားအင်အားစုစုပေါင်း (၄၀.၈၁၃)သန်းရှိသည့်အနက် လုပ်သားအင်အား၃၂%နီးပါးသည် စိုက်ပျိုးရေးကဏ္ဍတွင် ဝင်ရောက်လုပ်ကိုင်နေကြသော်လည်း စုစုပေါင်းပြည်တွင်း ကုန်ထုတ်လုပ်မှုတန်ဖိုး၏၁၄%ခန့်သာ စိုက်ပျိုးရေးကဏ္ဍမှရရှိသည်။ စက်မှုကဏ္ဍတွင် နိုင်ငံလုပ်သားအင်အား၏၁၄% ခန့်ရှိပြီး စုစုပေါင်းပြည်တွင်း ထုတ်ကုန်တန်ဖိုး၏ ၃၀% ရရှိပါသည်။ ထို့အတူဝန်ဆောင်ကဏ္ဍတွင်လည်း နိုင်ငံ၏စုစုပေါင်းလုပ်သားအင်အား၄၇%ပါဝင်ပြီး စုစုပေါင်းပြည်တွင်း ထုတ်ကုန်တန်ဖိုး၏ ၅၆% ကိုရရှိပါသည်။ ၂၀၁၃ခုနှစ်၊ ဇန်နဝါရီလတွင် အလုပ်လက်မဲ့နှုန်းထားသည် ၆.၈% နီးပါးရှိခဲ့ပြီး ငွေကြေးဖောင်းပွမှုနှုန်းသည် ၂၀၁၃ခုနှစ်၊ မေလ ၁၃ရက်

နေ့တွင်၃.၂%ထိမြင့်တက်လာခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံသည် သွင်းကုန်တင်သွင်းမှုလုပ်ငန်းများကို အဓိကထားဆောင်ရွက်သောနိုင်ငံဖြစ်ပြီး အခြားနိုင်ငံများအတွက် အတိုးနှုန်းဖြင့် ငွေကြေးထောက်ပံ့မှုပေးသောနိုင်ငံလည်းဖြစ်သည်။ ၂၀၀၄ခုနှစ်က စုစုပေါင်းပြည်တွင်းထုတ်ကုန်တိုးတက်မှုတန်ဖိုးမှာ ၆.၄% ရှိခဲ့ပြီး ၂၀၀၇ခုနှစ်တွင် ၇.၁%အထိ တိုးတက်လာခဲ့သည်။ ထိုသို့တိုးတက်မှုများသည် ဆယ်စုနှစ်သုံးခုအတွင်း တိုးတက်မှုအမြန်ဆုံးအခြေအနေသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ၁၉၆၆-၂၀၀၇ခုနှစ်အတွင်း ပြည်တွင်းထုတ်ကုန်တန်ဖိုး စုစုပေါင်းအပေါ် နှစ်စဉ်ပျမ်းမျှတစ်ဦးချင်းဝင်ငွေ တိုးတက်မှုနှုန်းသည် ၁.၄၅%ဆက်လက်တည်ရှိခဲ့ပြီး အရှေ့အာရှနှင့်ပစိဖိတ်ဒေသ၏ပျမ်းမျှဝင်ငွေ ၅.၉၆%နှင့် နှိုင်းယှဉ်ရာတွင် ဖိလစ်ပိုင်နိုင်ငံ၏လူဦးရေ ၄၅%၏ နေ့စဉ်ပျမ်းမျှဝင်ငွေသည် (၂)ဒေါ်လာအောက်တွင်ရှိနေပါသည်။ နိုင်ငံ၏စီးပွားရေးသည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုထက်နိုင်ငံတကာတွင် သွားရောက်အလုပ်လုပ်ကိုင်နေသူနိုင်ငံသားများမှ ပြည်တွင်းသို့လွှဲပြောင်းပေးပို့ငွေအပေါ်မူတည်နေပါသည်။ ဖိလစ်ပိုင်နိုင်ငံတွင် မိုဘိုင်းဖုန်းလုပ်ငန်းစုများတည်ရှိပြီး ဖုန်းသုံးစွဲမှုမြင့်မားသောနိုင်ငံတစ်ခုဖြစ်သည်။

## ယဉ်ကျေးမှု

၁၆။ ဖိလစ်ပိုင်နိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ခရစ်ယာန်ကျောင်းတော်နှင့် နိုင်ငံတော်ကိုသီးခြားထားရှိသည့် ဘာသာရေးလွှမ်းမိုးမှုကင်းသောနိုင်ငံတစ် နိုင်ငံဖြစ်သည်။ စပိန်ယဉ်ကျေးမှုလွှမ်းမှုကြောင့် အာရှတိုက်တွင် ရိုမန်ကတ်သိုလစ်ဘာသာလွှမ်းမိုးသောနိုင်ငံတစ်နိုင်ငံလည်းဖြစ်သည်။ ဖိလစ်ပိုင်လူမျိုးအများစုသည် ရိုမန်ကတ်သိုလစ်ဘာသာအားကိုးကွယ်ကြပြီး အနည်းစုမှာ ပရိုတက်စတင့်ခရစ်ယာန်ဘာသာအားကိုးကွယ်ကြသည်။ ဖိလစ်ပိုင်တွင် အစ္စလာမ်ဘာသာဝင်များလည်းရှိပြီး အများစုမှာဆွန်နီမစ္စလာမ်ဘာသာအားကိုးကွယ်ကြပါသည်။ ရိုးရာဘာသာရေးကိုးကွယ်မှု၊နတ်ကိုးကွယ်မှု၊ စုန်းပရောဂယုံကြည်မှုများသည်လည်း ယနေ့တိုင်ရှိနေဆဲပင်ဖြစ်ပါသည်။

၁၇။ ၁၄ရာစုတွင် ဖိလစ်ပိုင်တောင်ပိုင်းကျွန်းစုများတွင် နေထိုင်သောမလေးလူမျိုးများသည် အစ္စလာမ်ဓလေ့ထုံးတမ်းများကို စတင်ကျင့်သုံးခဲ့သည်။ ဖိလစ်ပိုင်တို့၏

ခေတ်သစ်ယဉ်ကျေးမှုသည် စပိန်နှင့်အမေရိကန်တို့၏အုပ်ချုပ်မှုအောက်တွင် အဆင့်ဆင့်တိုးတက်ပြောင်းလဲလာခဲ့ခြင်းဖြစ်သည်။

၁၈။ ဖိလစ်ပိုင်ကျွန်းစုတွင် လူမျိုးစုံနေထိုင်ကြသည်။ ရှေးအကျဆုံးတိုင်းရင်းသားများမှာ နီဂရီတိုလူမျိုးဖြစ်သည်။ တောင်များပေါ်၌သွားလာနေထိုင်ကြသော အီဂိုရုတ်လူရိုင်းမျိုးလည်း ရှိသေးသည်။ မင်ဒါနာအို ကျွန်းစုတွင် မိုရိုလူမျိုးများ ယနေ့တိုင်တွေ့ရသေးသည်။ နောင်အခါ ထိုရှေးကျသောတိုင်းရင်းသားများအား အဆက်မပြတ်ဝင်ရောက်လာသော အင်ဒိုနီးရှားလူမျိုးများ လွှမ်းမိုးသွားခဲ့သည်။ ဖိလစ်ပီနိုဟုခေါ်တွင်သူများသည် အင်ဒိုနီးရှားများနောက်ရောက်လာသော မလေး(ပသျှူး)လူမျိုးများဖြစ်သည်။ ထို့ပြင် တရုတ်၊ ဂျပန်၊ ဟိန္ဒူနှင့်ဥရောပ တိုက်သားအနွယ်များလည်း အများအပြား အခြေစိုက်နေထိုင်လျှက်ရှိကြသည်။ တရုတ်တို့သည် လူနည်းစုဖြစ်သော်လည်း ကုန်သွယ်စီးပွားရေး၌တွင်ကျယ်ကြသည်။ မက်စတီဇိုခေါ် ဖိလစ်ပီနိုနှင့်စပိန်ကပြားများကို အစိုးရဌာနကြီးများ၊ နိုင်ငံရေးလောက၊ စီးပွားရေးလောကတို့တွင် ခေါင်းဆောင်ပိုင်း၌ များသောအားဖြင့်တွေ့ကြရသည်။

**မြန်မာ-ဖိလစ်ပိုင်ဆက်ဆံရေး**

၁၉။ ဖိလစ်ပိုင်နှင့်မြန်မာနိုင်ငံတို့သည် အရှေ့တောင်အာရှနိုင်ငံများအသင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်ပြီး တရားဝင်သံတမန်ဆက်သွယ်မှုအား၁၉၅၆ ခုနှစ်၊ စက်တင်ဘာလတွင်စတင်ခဲ့သည်။ ၂၀၁၂ခုနှစ်တွင် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့တွင် ကျင်းပသော အာဆီယံ-အိန္ဒိယ ကုန်သွယ်ရေးအစည်းအဝေးတွင် ဖိလစ်ပိုင်ဒုတိယသမ္မတ Jejomar Binay နှင့် မြန်မာသမ္မတဦးသိန်းစိန်တို့သည် မြန်မာ့စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်လက်မှတ်ရေးထိုးခဲ့ကြသည်။

၂၀။ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၅ရက်နေ့တွင် ဖိလစ်ပိုင်သမ္မတ ဘင်နစ်နိုအကွီနိုသည် မြန်မာနိုင်ငံတွင်ကျင်းပသည့် World Economic Forum on East Asia သို့တက်ရောက်ခဲ့ပြီး နှစ်နိုင်ငံအကြား သတင်းအချက်အလက်နည်းပညာဆိုင်ရာ၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ၊ အစားအသောက်နှင့်စိုက်ပျိုးရေးဆိုင်ရာ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ၊ နိုင်ငံကူးလက်မှတ်ဆိုင်ရာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးအတွက် နားလည်မှုစာချွန်များလက်မှတ်ရေးထိုးခဲ့သည်။